မြန်မာဘာသာစကား

# အလုပ်ခွင်မှာ အခွင့်အရေးများ မတရားယူခံနေရသလား။

## ဗီဇာဖျက်သိမ်းမခံရရန် သင့်အား ကာကွယ်ပေးနိုင်ပါသည်။

## ယာယီဗီဇာ ကိုင်ဆောင်ထားကြသူများအတွက် အကာအကွယ်အသစ်များ

အကယ်၍ သင်သည် အလုပ်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရပြီး ဗီဇာ စည်းကမ်းချက်ကို ချိုးဖောက်ခဲ့ပါက၊ ဗီဇာကို မဖျက်သိမ်းမည့် **အာမခံချက်**ကို ပေးနိုင်မည်မှာ၊ အကယ်၍ သင်သည်၊

- အလုပ်လုပ်ခွင့်ရှိသည့် ယာယီဗီဇာကို ကိုင်ဆောင်ထားလျှင်၊
- အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရမှုကြောင့် ယင်းဗီဇာ၏ အလုပ်နှင့်ပတ်သက်သည့် စည်းကမ်းချက်ကို ချိုးဖောက်ခဲ့လျှင်၊
- လွန်ခဲ့သော12 လအတွင်း အခွင့်အရေးများ မတရားယူခံခဲ့ရမှုများ ကြုံတွေ့ခဲ့ရလျှင်၊
- ယုံကြည်စိတ်ချရသော အဖွဲ့အစည်းတစ်ခုမှ သင် အခွင့်အရေးများ မတရားယူ ခံခဲ့ရခြင်းမှာ ဟုတ်မှန်သည့် အထောက်အထားကို ရရှိလျှင်၊
- သင်၏ ဗီဇာအခြေအနေများကို နောက်နောင် လိုက်နာရန် သင် တာဝန်ခံယူလျှင်တို့ဖြစ်သည်။

## အခွင့်အရေးများ မတရားယူခံခဲ့ရခြင်း၏ သတ်မှတ်ချက်များ။

- လစာမရသော သို့မဟုတ် လစာလျှော့ရသောအလုပ် လုပ်ခဲ့ရခြင်း
- ဘေးအန္တရာယ် မကင်းသော အလုပ်ခွင်အခြေအနေများ
- လိင်ပိုင်းအရ နှောင့်ယှက်ခံခဲ့ရခြင်း
- သင့်ဗီဇာကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်ခံခဲ့ရခြင်း
- ABN ကို အဓမ္မ ရယူခိုင်းခံခဲ့ရခြင်း
- မတရား အလုပ်ထုတ်ခံခဲ့ရခြင်းတို့ဖြစ်သည်၊

## ဗီဇာဖျက်သိမ်းမခံရရန် ကာကွယ်ပေးခနိုင်မည်မှာ အကယ်၍ သင်သည်၊

- မည်သည့်ဗီဇာ တစ်ခုခု (Bridging Visa အပါအဝင်) ကိုမဆို ကိုင်ဆောင်ထားလျှင်၊
- အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရမှုကြောင့် ယင်းဗီဇာ၏ စည်းကမ်းချက် တစ်စုံတစ်ရာကို ချိုးဖောက်ခဲ့လျှင်၊
- ယုံကြည်စိတ်ချရသော အဖွဲ့အစည်းတစ်ခုမှ သင့် အခွင့်အရေးများ မတရားယူ ခံခဲ့ရခြင်းမှာ ဟုတ်မှန်သည့် အထောက်အထားကို ရရှိလျှင်၊
- သင်၏ ဗီဇာအခြေအနေများကို နောက်နောင် လိုက်နာရန် သင် တာဝန်ခံယူလျှင်တို့ဖြစ်သည်။

## ယခုပင် အရေးယူပါ။

1. အလုပ်သမား သမဂ္ဂ၊ ရပ်ရွာဥပဒေရေးရာဌာန သို့မဟုတ် အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်းတို့ထံမှ **အကြံဉာဏ်ရယူပါ**
2. **ထောက်ခံစာကို ရယူပါ။** ၎င်းတို့က သင်၏ အခွင့်အရေးများ မတရားယူခံခဲ့ရသည့်ကိစ္စကို အတည်ပြုပေးလိမ့်မည်

migrantworkers.org.au/atp

3. ထောက်ခံချက်နှင့်အတူ homeaffairs.gov.au **ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားပါ။**

**ဆက်သွယ်ရန်။**- Fair Work Ombudsman သို့မဟုတ် အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်း

SOUTH AUSTRALIAN MIGRANT WORKERS

(08) 8279 2222

samigrantworkers.org.au

This material was developed with funding from the Australian Government.